
mgyoe.com

# လူထုစိန်ဝင်း

## အတွေးအမြင်

ဆောင်းပါးများ



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

# လူထုစိန်ဝင်း
## အတွေးအမြင်
ဆောင်းပါးများ



ISBN9789997116697
LHS8
9 789997 116697
1,800.00KS

mgyoe.com

အတွေးအမြင်ဆောင်းပါးများ။ လူထုစိန်ဝင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၁၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)။ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)။ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၂ ရတနာပုံစာအုပ်တိုက်၏ ပထမအကြိမ်မှ

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အတွေးအမြင်ဆောင်းပါးများ

လူထုစိန်ဝင်း

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ဘဝအဓိပ္ပာယ် | ၁ |
| ၂။ | ကြိုးစားတာ အချည်းနှီးမဖြစ်ပါ | ၇ |
| ၃။ | ထူးချွန်မှုနဲ့ ထူးခြားမှု | ၁၅ |
| ၄။ | ဘာအမွေပေးခဲ့ကြမှာလဲ | ၂၁ |
| ၅။ | လူငယ်တွေအတွက် လူကြီးများရဲ့တာဝန် | ၂၅ |
| ၆။ | စိတ်ဓာတ်ကျတတ်တာ ဘာကြောင့်လဲ | ၂၉ |
| ၇။ | အချစ်ကို တားဆီးလို့ ရသလား | ၃၃ |
| ၈။ | ပညာခေတ်နဲ့ အမျိုးသမီးတို့ကဏ္ဍ | ၃၉ |
| ၉။ | ရိုသေလေးစားမှုဟာ အချစ်ရဲ့ဝိညာဉ် | ၄၅ |
| ၁၀။ | ဘဝနဲ့ အချစ် | ၅၁ |
| ၁၁။ | အချစ်ဆိုတာ အသစ်အသစ်ဖြစ်နိုင်သလား | ၆၁ |
| ၁၂။ | ဘဝကအနိုင်ယူတာကို မခံပါနဲ့ | ၆၉ |
| ၁၃။ | ရလဒ်အဓိကလား၊ အလုပ်အဓိကလား | ၇၅ |
| ၁၄။ | အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် | ၇၉ |
| ၁၅။ | စိတ်သာအဓိက | ၈၃ |
| ၁၆။ | သန့်ရှင်းကြည်လင်တဲ့ ပျော်ရွှင်ချမ်းသာခြင်း | ၈၉ |
| ၁၇။ | ကျိန်စာသင့်သူများရဲ့ လွတ်လပ်ခြင်း | ၉၅ |


mgyoe.com

mgyoe.com

၁၈။ ဗဟုဝါဒ အစာမကြေမဖြစ်ဖို့ ၁၀၁
၁၉။ အဖေ့သားတို့ခေတ်၊ အဖေ့သမီးတို့ခေတ် ၁၀၇
၂၀။ အပေါင်းလက္ခဏာအတွေးရှိပါစေ ၁၁၅

❐

mgyoe.com

mgyoe.com

# ဘဝအဓိပ္ပာယ်

"For in and out, above, about, below,
'Tis nothing but a Magic Shadow-show,
Play'd in a Box whose Candle is the Sun,
Round which we Phantom
Figures come and go"

ပါရှင်းကဗျာဆရာကြီး အိုမာခယမ်ရဲ့ ကဗျာအပိုင်းအစလေးပါ။ အဓိပ္ပာယ်ကတော့ ...

"အတွင်းအပြင် ဝန်းကျင်အောက်
မျက်လှည့်ပွဲတစ်ခုကလွဲလို့ ဘာမှမဟုတ်
မျက်လှည့်သေတ္တာထဲမှာ လှုပ်ရှားသရုပ်ဆောင်နေကြရ
နေမင်းကြီးက မျက်လှည့်သေတ္တာထဲက ဖယောင်းတိုင်ပါ
ကျွန်ုပ်တို့ အရိပ်သဏ္ဍာန်တွေက ရောက်လာကြ ပျောက်သွားကြ" တဲ့။

အိုမာခယမ်ရဲ့ အယူအဆက လူ့ဘဝဆိုတာ ဘာမှ အဓိပ္ပာယ်ရှိလှတာ မဟုတ်ပါဘူး။ မျက်လှည့်ပွဲမှာ မြင်ရသလို အံ့သြစရာ အဖြစ်ကလေးတွေ တွေ့လိုက်ကြ၊ ကွယ်ပျောက်သွားလိုက်ကြနဲ့ နောက်ဆုံးတော့ သေခြင်းတရား

mgyoe.com

mgyoe.com


မှာ အဆုံးသတ်သွားရတာပါပဲဆိုတဲ့ သဘောပါ။

အင်္ဂလိပ်စာဆိုကြီး ရှိတ်စပီးယားကလည်း အလားတူ ဆိုခဲ့ပါတယ်။ ရှိတ်စပီးယားက 'လောကကြီးတစ်ခုလုံးဟာ ဇာတ်ခုံကြီးတစ်ခုပဲ' လို့ ပြောခဲ့တာပါ။

"All the world's a stage,
And all the men and women merely players;
They have their exists and their entrances;
And one man in his time plays many parts, ....."
"လောကကြီးတစ်ခုလုံးဟာ ဇာတ်ခုံကြီးတစ်ခုပါ
ယောကျ်ားမိန်းမ မှန်သမျှဟာ ဇာတ်ကောင်တွေမျှသာ
သူတို့အတွက် ထွက်သွားရတာတွေရှိသလို
ဝင်လာရတာတွေလည်း ရှိရဲ့
လူတစ်ယောက်ရဲ့ တစ်ဘဝတာအတွင်းမှာ ဘဝတွေဟာ
အမျိုးမျိုး ကပြခဲ့ ..."

ကဗျာဆရာ၊ စာရေးဆရာတွေ အတော်များများဟာ လူ့ဘဝကို ပုံစံအမျိုးမျိုး ရှုဒေါင့် (ထောင့်) အသွယ်သွယ်က လေ့လာသုံးသပ်ခဲ့ကြပါတယ်။ နိုင်ငံနဲ့ လူမျိုးဆိုတဲ့ အခြေခံတွေ ဘယ်လောက်ပဲ တူညီတာကို တွေ့ရပါတယ်။ အဲဒီ တူညီချက်က ဘာလဲဆိုတော့ ...

"လူ့ဘဝဆိုတာ အချည်းနှီးပဲ" လို့ ဆိုကြတဲ့အချက်ပါ။

လူ့ဘဝဆိုတာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းဆိုတဲ့ မှတ်တိုင်နှစ်ခုကြားက ခရီးရှည်ကြီးတစ်ခုသာ ဖြစ်တယ်။ ခရီးလမ်းတစ်လျှောက်မှာ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ဘယ်လိုအောင်မြင်မှုသရဖူတွေပဲ ဆောင်းခဲ့ဆောင်းခဲ့ နောက်ဆုံးကျတော့ အချည်းနှီး ခန္ဓာကိုယ်တစ်ခုအဖြစ်နဲ့ မြေကြီးထဲရောက်သွားရတာချည်း ဖြစ်တယ်။ အဲဒါကြောင့် မသေခင်ကာလလေးအတွင်းမှာ စိတ်ချမ်းသာပျော်ရွှင်မှုရဖို့သာ အရေးကြီးတယ်လို့လည်း ဆိုခဲ့ကြပါတယ်။

အိုမာခယမ်ကဆိုရင် ...

mgyoe.com

mgyoe.com


"Here with a Loaf of Bread
beneath the Bough,
A Flask of Wine, a Book of Verse -
and Thou
Beside me singing in the Wilderness -
And Wilderness is Paradise enow"
"ဒီမှာ ပေါင်မုန့်လေးတစ်လုံးနဲ့ ပန်းချုံတစ်ချုံအောက်မှာ
ဝိုင်အရက်တစ်ဘူး၊ ကဗျာစာအုပ်တစ်အုပ်နဲ့ မင်းရယ်
တောကြီးမျက်မည်းထဲမှာ ငါ့အပါးက
တေးသီချင်းတွေ သီကျူးနေမယ်
ဒါဆိုရင် တောကြီးမျက်မည်းဟာ ပစ္စက္ခ သုခဘုံပဲလေ"

လို့တောင် စပ်ဆိုခဲ့ပါတယ်။

အိုမာခယမ်ရဲ့ အယူအဆတွေဟာ နှောင်းခေတ်မှာ ပေါ်လာတဲ့ သုညဝါဒတို့၊ နတ္ထိကဝါဒတို့၊ ဖြစ်တည်မှုဝါဒတို့တွေရဲ့ ရှေ့ပြေးဖြစ်တယ်လို့တောင် ဆိုနိုင်မယ်ထင်ပါတယ်။ ဒီဝါဒတွေ အားလုံးဟာ လူ့ဘဝရဲ့ အနှစ်သာရကင်းမဲ့မှု၊ အချည်းနှီးဖြစ်မှုတွေကို ငြီးငွေ့ကြပြီး စစ်မှန်တဲ့ 'ချမ်းသာသုခ' နဲ့ 'ငြိမ်းချမ်းမှု' ကို ရှာဖွေဖို့ ကြိုးစားခဲ့ကြတာချည်း ဖြစ်ပါတယ်။ ဘာသာတရား အားလုံးဟာလည်း လူ့ဘဝရဲ့ 'အချည်းနှီး အနှစ်သာရမဲ့' မှုကို သိမြင်ကြပြီး 'ချမ်းသာသုခ' နဲ့ 'ငြိမ်းချမ်းမှု' ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာခဲ့ကြတာချည်း ဖြစ်ပါတယ်။

အိုမာခယမ်က သူ့နည်းနဲ့ သူ လောကကြီးထဲမှာပဲ 'သုခဘုံ' ကို ရှာခဲ့ပါတယ်။ ဘာသာတရားတွေ အားလုံးကတော့ ဗုဒ္ဓဘာသာတစ်ခုက လွဲရင် 'သုခဘုံ' ကို ဒီလောကကြီးထဲမှာ ရှာလို့မတွေ့နိုင်ဘူး။ သေသွားပြီး နောက်ဘဝ ကူးသွားပြီးမှ ရနိုင်တယ်လို့ ဆိုခဲ့ကြပါတယ်။

ဗုဒ္ဓဘာသာကတော့ 'အမြိုက်တရား' လို့လည်းခေါ် 'သန္တိသုခ' လို့လည်းခေါ်တဲ့ 'ထာဝရချမ်းသာမှု' ဒါမှမဟုတ် နိဗ္ဗာန်ချမ်းသာကို ပစ္စက္ခဘဝ၊ အသက်ရှင်ဆဲကာလမှာလည်း ရနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒါဟာ

mgyoe.com

mgyoe.com


ဗုဒ္ဓရဲ့ဝါဒနဲ့ တခြားဘာသာ အယူဝါဒများအကြား အဓိက ခြားနားတဲ့အချက်ပါ။ အိုမာခယမ်နဲ့တကွ ရုပ်ကြမ်းဝါဒီ (Ultramaterialists)တွေ၊ အနောက်တိုင်းက ဘာသာရေး အယူအဆတွေကိုလည်း မယုံကြည်နိုင်၊ သိပ္ပံနည်းကျ ရုပ်ဝါဒ (Dialetical Materialism)ကိုလည်း လက်မခံနိုင်၊ ဗုဒ္ဓရဲ့ အနတ္တဝါဒကိုလည်း အလေးအနက် မလေ့လာဖူးတဲ့ တောမရောက်တောင်မရောက် ခေတ်သစ်ဖြစ်တည်မှုဝါဒသမားတွေက မျက်ကန်းဆင်စမ်းသလို စမ်းတဝါးဝါး လုပ်ရင်းက 'ချမ်းသာသုခ' ဆိုတာ ဘယ်လို၊ 'သစ္စာတရား' ဆိုတာ ဘယ်သို့ဆိုပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုပြခဲ့ကြ၊ ပြနေကြပါတယ်။ အိုမာခယမ်က ဆက်ပြီးတော့ ...

"Ah, fill the cup:–what boots it to repeat
How Time is slipping underneath our Feet:
Unborn TO-MORROW, and dead YESTERDAY,
Why fret about them if TO-DAY be sweet!"
"ခွက်ကိုဖြည့်ပါဦးလေ၊ ဘာ့ကြောင့် ထပ်ဖြည့်ဖို့ ဖင့်နွှေးနေရတာလဲ
အချိန်တွေ ဒို့(တို့) ခြေထောက်အောက်က ဘယ်လောက်လျှောထွက်သွားကြပြီလဲ
မနက်ဖြန်ဆိုတာ မမွေးသေးဘူး။ မနေ့တုန်းကဆိုတာ သေဆုံးသွားခဲ့ပြီ
ဒီနေ့သာယာချိုမြနေရင် အဲဒါတွေအတွက် ဘာ့ကြောင့် ပူပန်နေရသလဲ" လို့တောင် ဆိုခဲ့ပါသေးတယ်။

လူနဲ့တိရစ္ဆာန်ကြားမှာ ခြားနားချက်ကလေး တစ်ခုသာရှိပါတယ်။ အဲဒါက 'ပရဟိတ' ဆိုတဲ့ အချက်ပါ။ တိရစ္ဆာန်က အတ္တအတွက်ပဲ သိတယ်။ ကြည့်တယ်။ အများအတွက်ဆိုတာ သူနားမလည်ဘူး။ လူကတော့ အများအတွက် သိတယ်၊ ကြည့်တယ်၊ ဆောင်ရွက်တယ်။

mgyoe.com

mgyoe.com


လူ့ဘဝဆိုတာ အိုမာခယမ် လက်ဟောင်းတွေ၊ အိုမာခယမ် လက်သစ်တွေ ယူဆထားသလို 'အချည်းအနှီး' မဟုတ်ပါဘူး။ အင်မတန် အနှစ်သာရ ရှိပါတယ်။ ပြီးတော့ သူ့တို့ပြောသလို လူ့ဘဝဆိုတာ 'အိပ်၊ စား၊ ကာမ ဤသုံးဝ' သက်သက်သာရှိတာ မဟုတ်ပါဘူး။ ဒီထက်မက အများကြီး ပိုပြီးအဓိပ္ပာယ်ကျယ်ဝန်းပါတယ်၊ လေးနက်ပါတယ်။ "လူ့လောကမှာ လူနှစ်မျိုးနှစ်စားရှိတယ်၊ တစ်မျိုးက ထမင်းစားဖို့အတွက် အသက်ရှင်နေတာ၊ နောက်တစ်မျိုးက အသက်ရှင်နေဖို့အတွက် ထမင်းစားနေတာ" လို့ ဆိုတဲ့ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်အမျိုးအစားမှာ ပါနေသလဲဆိုတာ ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။

ထမင်းစားဖို့ အသက်ရှင်နေတဲ့ 'အိပ်၊ စား၊ ကာမ' အမျိုးအစားက စင်စစ်တော့ လူ့လောကထဲရောက်လာပေမဲ့ လူပီပီသသ မဖြစ်သေးတဲ့ သက်ရှိသတ္တဝါတစ်ခုသာ ဖြစ်ပါတယ်။ အိပ်ခြင်း၊ စားခြင်း၊ မေထုန်ပြုခြင်း ဆိုတဲ့ ကိစ္စသုံးရပ်စလုံးကို တိရစ္ဆာန်တွေလည်း ပြုတတ်ကြပါတယ်။ ဒါ့ကြောင့် အဲ့ဒီအမှုသုံးမျိုးကိုသာပြုနေတဲ့ သက်ရှိသတ္တဝါ ခြေနှစ်ချောင်းနဲ့ဆိုး အင်္ဂလိပ်စကားတစ်လုံး ရှိပါတယ်။ Manimal ပါတဲ့။

လူနဲ့တိရစ္ဆာန်ကြားမှာ ခြားနားချက်ကလေး တစ်ခုသာ ရှိပါတယ်။ အဲဒါက 'ပရဟိတ' ဆိုတဲ့အချက်ပါ။ တိရစ္ဆာန်က အတ္တအတွက်ပဲ သိတယ်။ ကြည့်တယ်။ အများအတွက်ဆိုတာ သူနားမလည်ဘူး။ လူကတော့ အများအတွက် သိတယ်၊ ကြည့်တယ်၊ ဆောင်ရွက်တယ်၊ အဲဒီ 'ပရဟိတ' ဆိုတာကို ဆောင်ရွက်ခြင်းအားဖြင့် 'စိတ်ချမ်းသာမှု'၊ 'ပျော်ရွှင်မှု' ဆိုတာကို ခံစားရရှိနိုင်တယ်ဆိုတာ ပရဟိတစိတ်ရှိသူတိုင်း သိရှိကြတယ်။

ဒုက္ခကြုံတွေ့နေရသူတစ်ဦး၊ အကူအညီလိုအပ်နေသူတစ်ဦးကို ကူညီလိုက်လို့ အဲဒီသူ ဒုက္ခက ကင်းလွတ်သွားတဲ့အတွက် ဝမ်းသာပျော်ရွှင်နေတာကို မြင်လိုက်ရတဲ့အခါမှာ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းဆိုတဲ့ 'ပီတိသုခ' အရသာဟာ သန္တိသုခကလွဲရင် အမွန်မြတ်ဆုံး၊ အချမ်းမြေ့ဆုံး၊ အစစ်မှန်ဆုံး ပျော်ရွှင်မှုပါ။ ဒီပျော်ရွှင်မှု ချမ်းသာသုခကို အတင်းအကျပ် ဖန်တီးယူလို့ မရပါဘူး။ ငွေနဲ့စက်ပြီးဝယ်လို့လည်း မရပါဘူး။ ဒီလိုချမ်းသာသုခကို Manimal တွေ မခံစား မရရှိနိုင်ပါဘူး။ နား

mgyoe.com

mgyoe.com

လည်း မလည်နိုင်ပါဘူး။ သူတို့တစ်တွေမှာ တချို့က ကိုယ်နှစ်သက်ရာလေး တစ်ခုခုကို လုပ်နေရရင် ဥပမာ–အိုမာခယမ်လို ဝိုင်အရက်ကလေးတစ်ခွက်၊ ကဗျာစာအုပ်လေးတစ်အုပ်၊ ချစ်သူလေးတစ်ယောက်နဲ့နေရရင် သုခဘုံရောက်ပြီး 'ချမ်းသာသုခ' ကိုရပြီလို့ မှတ်ထင်ကြတယ်။ တချို့က ငွေကြေး၊ ရာထူး၊ အာဏာစတဲ့ အရာတွေနဲ့ ပြည့်စုံရင် 'ချမ်းသာသုခ' ကို ရပြီးလို့ မှတ်ထင်ကြတယ်။ ဒါပေမဲ့ အဲဒီငွေကြေး ပူပန်ကြောင့်ကြဖြစ်နေရတဲ့ ဆင်းရဲခြင်းဆိုတဲ့ 'ဒုက္ခ' သူတို့မှာ ဖိစီးနေတာကို သတိမမူမိကြဘူး။ ငရဲပန်းကို ရွှေပန်း ထင်မှတ်နေကြရှာတယ်။ စိန်တွေ၊ ရွှေတွေ သီးနေအောင် ဝတ်ဆင်ထားနိုင်ကြသူတွေဟာ ကြီးမားခိုင်ခံ့လှတဲ့ တိုက်တာကြီးတွေထဲနေပြီး အပြင်လူတွေ ဝင်လို့မရအောင် ထူထဲခိုင်မာတဲ့ အုတ်တံတိုင်းကြီးတွေကာရံပြီးနေကြတာကို ကြည့်လိုက်တဲ့အခါမှာ လက်တွေ့အားဖြင့်တော့ သူတို့ကိုယ်သူတို့ ခြံခတ်ပြီး ပိတ်လှောင်ထားတာပါလားဆိုတာကို သူတို့ဟာသူတို့ သဘောမပေါက်သလို မျိုးပါပဲ။

ရခဲလှတဲ့ လူ့ဘဝလေးကို ရတုန်းရခိုက်မှာ တကယ်စစ်မှန်တဲ့ ပျော်ရွှင်မှု 'ချမ်းသာသုခ'ကို ရရှိခံစားနိုင်ဖို့အတွက် နည်းလမ်းက တစ်ခုတည်းသာ ရှိပါတယ်။ လွယ်လည်းလွယ်ပါတယ်။

"ကိုယ် စိတ်ချမ်းသာချင်ရင် သူတစ်ပါးကို စိတ်ချမ်းသာအောင် လုပ်ပေးပါ" ဆိုတဲ့ နည်းလမ်းကလေးသာ ဖြစ်ပါတယ်။

အတွေးအမြင်စာစဉ် (၁၂၈)

❑

mgyoe.com

mgyoe.com

## ကြိုးစားတာ အချည်းနှီးမဖြစ်ပါ

"ကြိုးစားရတာ အားမရှိပါဘူး ဆရာရယ်။ ကိုယ်က ဘယ်လောက် ကြိုးစားကြိုးစား ဘာမှဖြစ်လာတာ မဟုတ်တော့ ဘာမှကို လုပ်မနေချင်တော့ ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားပြီး အသာလေး ရေစုန်မှာမျှောပြီး နေလိုက်ချင်တော့တယ်"

ဒီစကားက လူငယ်လေးတွေဆီက နေ့တိုင်းလိုလို ကြားနေရတဲ့စကား ပါ။ နေ့တိုင်းလိုလိုပဲ သူတို့ကို ပြန်ဆွေးနွေးပြနေရပါတယ်။ ကြိုးစားမှု မှန်သမျှဟာ ဘယ်တော့မှ အချည်းနှီးဖြစ်တယ်လို့ မရှိပါဘူး။ ကြိုးစားရင် ကြိုးစားသလောက်တော့ အကျိုးဖြစ်ထွန်းစေပါတယ်ဆိုတဲ့ အကြောင်းကို အပ်ကြောင်းထပ်သလို ပြောပြနေရပါတယ်။

ကြိုးစားအားထုတ်မှု တစ်ခုပြုလုပ်တိုင်း အကျိုးကျေးဇူးတစ်ရပ် လက်ဆုပ်လက်ကိုင်ရမှ ပြည့်စုံတယ်၊ အောင်မြင်တယ်လို့ အများအားဖြင့် ယူဆထားလေ့ရှိကြပါတယ်။ ဒီလို ယူဆထားတဲ့အတွက်လည်း ရလဒ်တစ်ခု ပေါ်ထွက်မလာခဲ့ရင် အောင်မြင်မှုမရဘူးလို့ သဘောထားပြီး စိတ်ဓာတ် ကျသွားတတ်ကြတာ ဖြစ်ပါတယ်။ တကယ်တော့ 'ကြိုးစားအားထုတ်မှု' ပြုလုပ်ကြရခြင်းရဲ့ ရည်ရွယ်ချက်ကို လွဲမှားစွာ နားလည်ခံယူထားကြတာပါ။

'ယှဉ်ပြိုင်ခြင်းသည် အဓိက၊ အနိုင်အရှုံးသည် သာမည' ဆိုတဲ့ စကား ဆောင်ပုဒ်ရှိပါတယ်။ စစ်မှန်တဲ့ အားကစားစိတ်ဓာတ်ဆိုတာ အနိုင်ရဖို့တစ်ခု

mgyoe.com

mgyoe.com


တည်းကြည့်ရတဲ့ စိတ်ဓာတ်မဟုတ်ပါဘူး။ ကိုယ်ကာယ ကျန်းမာသန်စွမ်းဖို့၊ စိတ်ဓာတ် ကျန်းမာသန်စွမ်းဖို့ အဓိကထားတဲ့ စိတ်ဓာတ်မျိုးကိုခေါ်တာပါ။ အားကစားလုပ်လို့ အနိုင်ရ ဗိုလ်စွဲချင်မှစွဲပါလိမ့်မယ်။ အနိုင်မရ ဗိုလ်မစွဲလည်း အကျိုးကျေးဇူးကတော့ ရရှိလိုက်ပါတယ်။ အားကစားလုပ်ခြင်းရဲ့ ရည်ရွယ်ချက်က ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းဖို့ မဟုတ်လား။ ပြိုင်ပွဲမှာ ရှုံးသွားလည်း အဲဒါကိုတော့ ရလိုက်တာပါပဲ။

ဧဝရက်တောင်ကိုတက်ဖို့ ကြိုးစားကြတဲ့ တောင်တက်သမားတွေ နှင်းမုန်တိုင်းမိလို့၊ တောင်ပြိုလို့ အသက်ဆုံးရှုံးရတဲ့ကိစ္စတွေ နှစ်စဉ် ကြားသိနေရပါတယ်။

"တော်တော်မိုက်တဲ့လူတွေ၊ ရဟတ်ယာဉ်နဲ့ တက်လို့ရပါလျက်နဲ့ အပင်ပန်း အဆင်းရဲခံပြီး တက်နေကြတာကိုး" လို့ပြောတဲ့ ပြက်လုံးလေး တစ်ခုကို ဖတ်ဖူးပါတယ်။ ပြက်လုံးအနေနဲ့ ပြောလိုက်တာပါ။ ဒါပေမဲ့ အဲဒီလို တကယ်ကို ယူဆတဲ့လူတွေ လောကမှာရှိပါတယ်။ တောင်တက်သမားတွေ ဘာ့ကြောင့် တောင်တက်ကြသလဲ ဆိုတာကိုတောင် နားမလည်နိုင်လောက်အောင် အသိဉာဏ်နံ့နဲ့ကြသူတွေပါ။

ကိုယ်တွေ့ကြုံရတာလေးတစ်ခုကို ပြောပြချင်ပါတယ်။ ကောလိပ်ကျောင်းသူ ကျောင်းသားအရွယ် လူငယ်ကလေးတွေ၊ ဘွဲ့ရလူကြီးကလေးတွေနဲ့ နေ့စဉ်ထိတွေ့နေရတဲ့ လုပ်ငန်းတစ်ခုကိုလုပ်နေသူ ဖြစ်တဲ့အတွက် လူငယ်လေးတွေကို လေ့ကျင့်ပေးဖို့ ရည်ရွယ်ချက်နဲ့ တစ်နှစ်ကို နှစ်ကြိမ်လောက် ခရီးတို ခရီးရှည်လေးတွေ သွားပေးခဲ့ပါတယ်။ ခရီးသွားတာဟာ အချင်းချင်း ပိုပြီး ချစ်ခင်ရင်းနှီးစေတယ်။ အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ရတဲ့ အတွေ့အကြုံရစေတယ်။ ကိုယ့်ရဲ့ ခံနိုင်ရည်ရှိမှုကို စမ်းသပ်စစ်ဆေးနိုင်တယ်။ ချုပ်ပြောရရင် ခရီးသွားခြင်းဟာ ကိုယ့်အကြောင်း ကိုယ်သိဖို့ အကောင်းဆုံးနည်း ဖြစ်ပါတယ်။ အဲဒါကြောင့် သင်္ဘော၊ ကားနဲ့သွားလို့ ရသမျှ ခရီးတွေကို လူပေါင်းကိုးဆယ်တစ်ရာကို ထိန်းကျောင်းပြီး လိုက်ပို့ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်ကာလ ချောင်းသာဆိုတာ မကြားဖူးကြသေးတဲ့အချိန်က သင်္ဘောတစ်တန်၊ ပဲ့ထောင်တစ်တန်၊ ကားတစ်တန်စီးပြီး လိုက်ပို့ခဲ့ဖူးပါတယ်။ အဲဒီအချိန်က ချောင်းသာမှာ တည်းခိုခန်း

mgyoe.com

mgyoe.com


တွေ၊ စားသောက်ဆိုင်တွေ မရှိသေးပါဘူး။ ဌာနဆိုင်ရာဘန်ဂလိုလေး နှစ်ခု သုံးခုသာရှိပါတယ်။ လမ်းဆိုတာလည်း သစ်ထုတ်လုပ်ရေးလုပ်ငန်းက ဖောက်ထားတဲ့ မြေကြီးလမ်းပဲရှိပါတယ်။ ခရီးက ကြမ်းသလား၊ ပန်းသလား မပြောပါနဲ့တော့။ ကြမ်းတာ ပန်းတာ ခက်ခဲတာတွေကို မြို့နေပညာတတ် လူငယ်လေးတွေ အတွေ့အကြုံရစေဖို့အတွက် လိုက်ပို့ခဲ့တာပါ။

ဒါ့အပြင် ကားလမ်းကနေ ရေး၊ ထားဝယ်အထိ၊ ငပလီအထိ၊ တောင်ကြီး၊ အင်းလေး၊ မန္တလေးနဲ့ ပုဂံအထိလည်း ရောက်ခဲ့ကြပါတယ်။ ဒါပေမဲ့ အသွားများတဲ့ နီးနီးနားနားက ကျိုက်ထီးရိုးကိုတော့ တစ်ခေါက်မှ မရောက်ဖြစ်ကြပါဘူး။ နိုဝင်ဘာ၊ ဒီဇင်ဘာ ကျိုက်ထီးရိုးရာသီ ရောက်ပြီ ဆိုတာနဲ့ လူငယ်တွေက လိုက်ပို့ဖို့ နားပူတတ်ကြပါတယ်။ အထမ်းနဲ့တက်လို့ ရပါတယ်။ အထမ်းကြီးနဲ့ မတက်ချင်ရင်လည်း သူတို့ကိုယ်တိုင် ပက်လက် ကုလားထိုင်နဲ့ထမ်းပြီး တက်ပါမယ်လို့ ပြောကြပါတယ်။

အဲဒီအခါ လူငယ်တွေကို ကျိုက်ထီးရိုးသွားခြင်းရဲ့အရသာ၊ ကြည်နူးမှု ဟာ ဘာလဲ၊ ကျိုက်ထီးရိုးသွားခြင်းရဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ ဆိုတာကို ရှင်းပြရပါတယ်။

ကျိုက်ထီးရိုးဆိုတာ လူငယ်လူရွယ်တွေ အရောက်အပေါက်များဆုံး ဘုရားလို့ ထင်ပါတယ်။ လူလတ် လူကြီးတွေလည်း သွားကြပါတယ်။ ဒါပေမဲ့ လူငယ်တွေက ပိုများမယ်ထင်ပါတယ်။ ကျွန်တော်တို့ ခေတ်တုန်းက လည်း အထက်အညာက၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်က ရန်ကုန် တက္ကသိုလ်ကို ရောက်လာသမျှ ကျောင်းသူကျောင်းသားတိုင်းဟာ ကျိုက်ထီး ရိုးကို မရောက်မဖြစ် ရောက်အောင်သွားခဲ့ကြတာပါ။ ဒီခေတ်မှာလည်း ဒီလို ပါပဲ။ ဒီလိုသွားကြတာဟာ ဘုရားဖူးချင်လို့ဆိုတဲ့ ရည်ရွယ်ချက်သက်သက်နဲ့ ဟုတ်ဟန်မတူပါဘူး။ တချို့များဆို နှစ်စဉ်ကို သွားနေကြတာပါ။ အခေါက် နှစ်ဆယ်အစိတ်ရောက်တယ်ဆိုတဲ့ လူတွေလည်း အများကြီးပါ။

အဲဒီလို နှစ်စဉ် အခေါက်ခေါက်အခါခါ သွားနေကြတာက ကျိုက်ထီးရိုးမှာ တောင်တွေကိုကျော်၊ တောတွေကိုတိုး၊ ချောက်ကမ်းပါးတွေ ကိုဖြတ်ပြီး တပင်တပန်းသွားကြရင်း သဘာဝအလှအပတွေ ခံစားရတာ၊ ပင်ပန်းခက်ခဲတာတွေ လွန်မြောက်ပြီး နောက်ဆုံးတောင်ထိပ်ကို ရောက်သွား

mgyoe.com

တဲ့အခါကျတော့ တောင်ပေါ်ကရပ်ပြီး ကိုယ်ကျော်ဖြတ်လာခဲ့တဲ့ တောင်စဉ် အထပ်ထပ် လျှိုမြောင်အသွယ်သွယ်ကို ငုံ့ကြည့်ရင်း ကိုယ့်ရဲ့စွမ်းဆောင်နိုင်မှု ကို ကြည်နူးပီတိဖြစ်ရတာ စတဲ့အချက်တွေကြောင့်ပါ။ တောင်ထိပ်ကို မရောက်ခင် အခက်အခဲအမျိုးမျိုးကို အားကြိုးမာန်တက် ဖြတ်ကျော်ရတာကို ကြည်နူးပီတိဖြစ်ရတာက အရသာပါ။

တောင်ပေါ်ကို အထမ်းနဲ့တက်တဲ့အခါကျတော့ အဲဒီအရသာကို မခံစားရတော့ဘူးလေ။ အဲဒါကြောင့် ကျိုက်ထီးရိုးကိုမသွားချင်တာလို့ လူငယ်တွေကို ရှင်းပြရပါတယ်။ ဒါပေမဲ့ လူငယ်တွေကတော့ နားပူမရပ်ပါဘူး။ သူတို့က သူတို့ဖြစ်ချင်တာကိုသာ အဓိကထား စဉ်းစားကြတာကိုး။

အဲဒီတော့ နောက်တစ်မျိုး ထပ်ရှင်းပြရပါတယ်။ လွန်ခဲ့တဲ့ ၁၇ နှစ်လောက်က လေဖြတ်ပြီး ညာခြေလက် မလှုပ်နိုင်တော့လောက်အောင် ညာဘက် တစ်ခြမ်းသေသွားတဲ့ ဒုက္ခိတဘဝ ရောက်ခဲ့ရကတည်းက ကိုယ့်ကိုယ်ကိုယ် ဒုက္ခိတရယ်လို့ အားငယ်စိတ်မဝင်ရလေအောင် ဖြစ်နိုင်သမျှ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဟာကိုယ်လုပ်တဲ့အကျင့်ရအောင် လုပ်ယူခဲ့ရတဲ့အကြောင်း၊ ညာလက်နဲ့ စာမရေးနိုင်တော့တာကို စိတ်ပျက်မနေဘဲ ဘယ်လက်နဲ့ စာရေးတတ်အောင် စိတ်ရှည်လက်ရှည်နဲ့ကျင့်ပြီး စာရေးနိုင်အောင် လုပ်ယူခဲ့ရတဲ့အကြောင်း၊ စိတ်ဓာတ်နဲ့ဖွဲ့ကြောင့် ၁၇ နှစ်လုံးလုံး လူကောင်းတစ်ယောက်လုပ်နိုင်တာတွေ အားလုံးလုပ်နိုင်ခဲ့ကြောင်း၊ ခရီးရှည်ကြီးတွေလည်း သွားနိုင်ခဲ့ကြောင်း၊ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဒုက္ခိတ တစ်ယောက်ဆိုတဲ့ အဖြစ်ကိုတောင် မေ့ထားနိုင်ခဲ့ကြောင်း၊ ဒါပေမဲ့ ကျိုက်ထီးရိုးကို မိသားစုနဲ့ တစ်ခေါက် ရောက်သွားတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခိတတစ်ယောက်ဖြစ်နေပါလားဆိုတာကို သိလိုက်ရပြီး စိတ်အတော်ဆင်းရဲသွားခဲ့ရကြောင်း၊ မိသားစုက အထမ်းသမားတွေ ငှားပြီးတဲ့အခါမှာ စိတ်ဆင်းရဲမှုဒဏ်ကို ဆက်မခံချင်တော့တာနဲ့ မိသားစုကို တောင်ပေါ်တက်ဖို့ ထားရစ်ခဲ့ပြီး တစ်ယောက်တည်း ကားနဲ့လှည့်ပြန်လာခဲ့ကြောင်း၊ နောက်တစ်ခေါက် လူငယ်တွေ အလိုလိုက်ပြီး ကျိုက်ထီးရိုးကို သွားပြန်ရင် အရင်တစ်ခေါက်လို စိတ်ဆင်းရဲရလိမ့်ဦးမည်ဖြစ်ကြောင်း စတာတွေကို ရှင်းပြရပါတယ်။

အဲဒီကျတော့လည်း လူငယ်တွေက ဆက်နားမပူကြတော့ပါဘူး။

mgyoe.com

mgyoe.com


သူတို့ သဘောမပေါက်ရင်သာ နားပူနားဆာလုပ်ကြတာပါ။ သူတို့ သဘောပေါက် နားလည်သွားရင် သူတို့ကိုယ်တိုင်က ဟုတ်ပေသားပဲလို့ ယုံကြည်သွားရင် လူငယ်တွေဟာ အံ့ဩစရာကောင်းလောက်အောင်ကို ပြုမူကျင့်ကြံတတ်ပါတယ်။

အဲဒါကြောင့် ကြိုးစားရတာ အချည်းနှီးပါပဲလို့ ညည်းတွားနေတဲ့ လူငယ်လေးတွေကို အချည်းနှီးမဖြစ်ပါကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြရပါတယ်။

လူ့ဘဝဆိုတာ အိပ်မက်တွေကို လက်တွေ့ဖြစ်လာအောင် မရပ် မနားကြိုးစားအားထုတ်နေရခြင်းသာ ဖြစ်ပါတယ်။ ကြိုးစားအားထုတ်မှု ရပ်ဆိုင်းလိုက်တာနဲ့ အိပ်မက်တွေ ကွယ်ပျောက်သွားရမှာပါ။ အိပ်မက်တွေ မရှိတော့ဘူးဆိုတဲ့နေ့ဟာ လူ့ဘဝအနှစ်သာရ ကင်းမဲ့သွားတဲ့နေ့ပါပဲ။ အိပ်မက် မမက်တော့ဘူးဆိုတဲ့လူဟာ ရှင်လျက်နဲ့ သေနေတဲ့လူသာ ဖြစ်ပါတယ်။

ဒါ့ကြောင့် လူငယ်မှန်ရင် အိပ်မက်တွေမက်နေရပါမယ်။ အဲဒီအိပ်မက်တွေ အကောင်အထည်ပေါ်လာဖို့လည်း မရပ်မနား ကြိုးစားအားထုတ်နေကြရပါမယ်။ ကြိုးစားအားထုတ်မှု ပြုနေသရွေ့ ထိုက်သင့်တဲ့ အကျိုးခံစားမှုမျိုးတော့ ရရှိခံစားရမှာ အသေအချာပါ။

လူသားတွေ လပေါ်တက်ပြီး စူးစမ်းရှာဖွေလေ့လာနေကြတာ မျိုးဆက်တစ်ဆက်မက ကြာညောင်းခဲ့ပါပြီ။ လပေါ်မှာ လူသားတွေ အခြေချနေထိုင်ပြီး လူ့အဖွဲ့အစည်းကြီးတစ်ခု ထူထောင်ဖို့ဆိုတဲ့ ရည်ရွယ်ချက် ပြည့်ဝအောင်မြင်မှု မရရှိသေးပါ။ ဒါပေမဲ့ လကမ္ဘာကိုစိုးမိုးဖို့ ကြံစည်လုပ်ဆောင်ရင်းနဲ့ ဒုံးပျံအတတ်ပညာတွေ၊ ရေဒါထိန်းချုပ်စနစ် အတတ်ပညာတွေ၊ ကွန်ပျူတာအတတ်ပညာတွေ စတဲ့ နည်းပညာဆိုင်ရာ တိုးတက်မှုတွေ၊ လူသားအကျိုးပြုတီထွင်နိုင်မှုတွေ ထောင်နဲ့ချီပြီး လုပ်ဆောင်နိုင်ခြင်းဆိုတဲ့ အကျိုးကျေးဇူးတွေရရှိနိုင်ခဲ့ကြပါတယ်။

အဲဒါကြောင့် ကြိုးစားအားထုတ်ခြင်းဆိုတာ ဘယ်တော့မှ အကျိုးမဲ့အချည်းနှီး မဖြစ်ဘူးဆိုတာ ယုံကြည်စိတ်ချနိုင်ကြပါတယ်။ ကြိုးစား အားထုတ်ခြင်းမပြုဘဲ ငုတ်တုတ်ထိုင်နေလို့ကတော့ အောင်မြင်မှုက ကိုယ့်အိမ်တံခါးဝကို လာခေါက်မှာ မဟုတ်ပါဘူး။ အခွင့်အရေးဆိုတာ သူ့အလိုလို

mgyoe.com

mgyoe.com


ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ လူက ဖန်တီးယူရတာပါ။ အောင်မြင်မှုက လက်တစ်ကမ်းမှာ ရှိနေပေမဲ့ ကိုယ်က အားထုတ်လှုပ်ရှားခြင်းမပြုရင် ဘယ်နည်းနဲ့မှမရနိုင်ပါဘူး။ လူသားတွေဟာ အားထုတ်လှုပ်ရှားခြင်းပြုလိုက်၊ ရှုံးနိမ့်ခြင်းကို တွေ့လိုက်၊ နည်းလမ်းထပ်ရှာပြီး ထပ်အားထုတ်လှုပ်ရှားလိုက်တာမျိုး လုပ်ရင်းလုပ်ရင်းနဲ့ ဒီအဆင့်အတန်းကို ရောက်လာကြတာ မဟုတ်လား။ ကြိုးစားရတာ စိတ်ပျက်နေတဲ့ လူငယ်လေးတွေအတွက် ကဗျာလေးတစ်ပုဒ် လက်ဆောင်ပေးလိုက်ချင်ပါတယ်။

(NO MATTER WHAT MAY COME
YOUR WAY, KEEP ON SHINING
LIKE THE SUN.)

* We all know that
no matter how many clouds
get in the way,
the sun keeps on shining.
No matter how many times its rays
one blocked from our view,
The sun will reappear
on another day
to shine more brilliantly than before.

* It takes determination
to ontloot those dark clouds
that sometimes enter your Life,
and Patience to keep on shining
no matter what gets in your way.
But it all pays off eventually
you'll always find
the strength within

mgyoe.com

mgyoe.com

to overcome your difficulties,
because you and the sun
have a lot in common:
you're both going to shine
no matter what

**Barbara J. Hall.**

* တို့ အားလုံးသိကြတယ်
ဘယ်လောက်များတဲ့ တိမ်တိုက်တွေ
ရှေ့မှာရှိနေနေ
နေမင်းကြီးဟာ ဆက်လက်တောက်ပနေမှာပဲ။
သူ့ရဲ့အလင်းတန်းတွေကို
အကြိမ်ဘယ်လောက်အများကြီး
တို့ရဲ့မြင်ကွင်းက ပိတ်ဆို့ထားပါစေ
နေမင်းကြီးက ပြန်ထွက်လာလိမ့်မယ်
နောက်တစ်နေ့ကျရင်လေ
အရင်ကထက် ပိုပြီး
ထွန်းလင်းတောက်ပနေဖို့ပေါ့။

* တစ်ခါတလေ ဘဝထဲကို
ဝင်လာတတ်တဲ့
တိမ်မည်းကြီးတွေကို
ကျော်လွှားအနိုင်ယူဖို့
ခိုင်မြဲတဲ့ သန္နိဋ္ဌာန်ရှိဖို့လိုတယ်။
ကိုယ့်ရှေ့မှာ ဘာတွေပဲရှိနေနေ
ဆက်လက်တောက်ပနေစေဖို့အတွက်
စိတ်ရှည်ရှည်ထားဖို့လိုတယ်။
အချိန်တန်ရင် အသီးအပွင့်ကို
ခံစားရစမြဲပဲ။

mgyoe.com

mgyoe.com

* အခက်အခဲတွေကို ကျော်ဖြတ်ဖို့
အင်အားတွေ အတွင်းမှာရှိနေတာကို
သင် အမြဲတမ်း တွေ့ရပါလိမ့်မယ်၊
ဘာကြောင့်ဆိုတော့ သင်နဲ့နေမင်းကြီးမှာ
တူညီတာတွေ အများကြီးရှိနေတယ်လေ
ဘာပဲဖြစ်နေနေ
သင်တို့နှစ်ဦးစလုံးဟာ
ထွန်းလင်းတောက်ပနေကြမှာမို့ပဲ။

**ဘာဘာရာရျေပေဘာလ်**

အတွေးအမြင်စာစဉ် (၁၃၈)

❐

mgyoe.com

mg.yoe.com

## ထူးချွန်မှုနဲ့ ထူးခြားမှု

အောင်မြင်တဲ့ ဘဝကိုရဖို့အတွက် ထူးထူးချွန်ချွန်ဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ စကားကို လူတိုင်း ထပ်တလဲလဲ ကြားခဲ့ဖူးကြမှာပါ။ သူလိုငါလို ရှက်ကြမ်းရေကျိုအဖြစ်မျိုးလောက်နဲ့တော့ ဒီခေတ်ကြီးမှာ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ရာ မလွယ်လှပါဘူး။ ဒီအချက်ကို လူတိုင်း သိကြပါတယ်။ ဒါပေမဲ့ နယ်ပယ်တစ်ခုခုမှာ ထူးထူးချွန်ချွန် ဖြစ်လာသူဆိုတာက တစ်သောင်းတစ်သိန်းမှ တစ်ယောက်လောက်သာ ရှိပါတယ်။ ကျန်သူအားလုံးကတော့ ရှက်ကြမ်းရေကျို အဆင့်လောက်နဲ့သာ ဘဝတစ်လျှောက်လုံး နေသွားကြရပါတော့တယ်။

အဲဒီလို ဖြစ်ကြရတာက ထူးချွန်မှ အောင်မြင်နိုင်တယ်ဆိုတဲ့ အစွဲမှားကြီးကြောင့်ပါ။ ကိုယ်က ထူးထူးချွန်ချွန် ဖြစ်မလာတော့ အောင်မြင်တဲ့ဘဝကိုရဖို့အတွက် ကြိုးစားချင်တဲ့စိတ်က လျော့ပါးသွားတယ်လေ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဆိုတဲ့ စိတ်ဝင်သွားပြီး ဘဝကို အသာလေး ရေစီးကြောင်းအလိုက် မျှောလိုက်နေကြတော့တာပေါ့။

အမှန်က ကိုယ်ရောက်ရှိနေတဲ့နေရာကို ကိုယ်ရွေးချယ်ခဲ့တဲ့ဘဝမှာ အောင်မြင်မှုရရှိဖို့အတွက် ထူးချွန်တဲ့သူတစ်ယောက်ဖြစ်မှ မဟုတ်ပါဘူး။ ထူးခြားမှုရှိရင်လည်း ဖြစ်နိုင်၊ ရနိုင်ပါတယ်။ ကိုယ်ရောက်နေရတဲ့ နေရာ၊ ကိုယ်လုပ်နေရတဲ့ အလုပ်မှာ အများနဲ့မတူ ထူးထူးခြားခြားဖြစ်အောင် လုပ်

mgyoe.com

mgyoe.com
နိုင်ခဲ့ရင်လည်း လူအများက သတိထားမိ၊ အာရုံစိုက်မိလာနိုင်ပါတယ်။ ကိုယ့်အလုပ်ကို အများက သတိထားမိလာတယ်ဆိုတာဟာ ထင်ရှားအောင်မြင်ဖို့အတွက် လမ်းစပါ။ ကိုယ့်လုပ်ရပ်ဟာ လူတကာနဲ့မတူ၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စရိုက် လက္ခဏာလေးတွေ ရှိတယ်ဆိုတာ ပေါ်လွင်ထင်ရှားဖို့ပဲ လိုပါတယ်။

လူတိုင်းလူတိုင်းမှာ ကိုယ့်စရိုက် ကိုယ့်လက္ခဏာဆိုတာ ရှိမြဲမို့ လူတိုင်းလူတိုင်းဟာ အောင်မြင်ထင်ရှားတဲ့သူ တစ်ဦးဖြစ်လာနိုင်ပါတယ်။ အများနဲ့မတူတဲ့ ဘယ်လိုစရိုက်လက္ခဏာမျိုး၊ ဘယ်လို ထူးခြားချက်မျိုး ကိုယ့်မှာရှိနေတယ်ဆိုတာကို သိရှိပြီး အဲဒီအချက်ကို ပေါ်လွင်ထင်ရှားအောင် လုပ်တတ်ရင် အောင်မြင်ထင်ရှားလာမှာ အမှန်ပါ။

ဒီနေ့ ရုပ်မြင်သံကြား ကြော်ငြာတွေမှာ အောင်မြင်နေတဲ့ ကြော်ငြာတွေတိုင်းမှာ ထူးခြားမှုလေးတွေ ရှိနေကြတာပါပဲ။

လူထုသတင်းစာ အယ်ဒီတာအဖွဲ့သားတစ်ဦးအဖြစ် လုပ်ခဲ့စဉ်က လူကိုမတွေ့ဖူးဘဲ သူတို့ရေးသားပေးပို့ခဲ့တဲ့ သတင်းတွေအရ နာမည်ကို ရင်းနှီးနေခဲ့ရတဲ့ သတင်းထောက်ပေါင်းကတော့ ရာကျော်အောင်ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခု ပြန်စဉ်းစားကြည့်တော့ နာမည် ၂၀ ပြည့်အောင်တောင် စဉ်းစားလို့ မရတော့ပါဘူး။ စဉ်းစားလို့ရသမျှကတော့ တစ်ခုခု ထူးထူးခြားခြားမှတ်မိစရာလေးတွေ ရှိနေတတ်တဲ့သူမျိုးတွေ ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။

၁၉၈၅ ခုနှစ်လောက်က မော်လမြိုင်မှတစ်ဆင့် သံဖြူဇရပ်တို့၊ ရေးတို့ဘက် ရောက်ခဲ့ပါတယ်။ ထားဝယ်ကို ကားနဲ့အသွား ရေးမှာ ညဝင်အိပ်ရတာဖြစ်ပါတယ်။ ရေးက ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းစားရင်း ခေါင်းထဲမှာ ရုတ်တရက် ပေါ်လာတာက ရေးသတင်းထောက် ကိုချစ်သန်းဆိုတဲ့ နာမည်။ လူချင်းလည်း မတွေ့ဖူးပါဘူး။ ဒါပေမဲ့ ရေးကနေ တိုက်ကို သတင်းတွေ မှန်မှန်ပို့နေပြီး သတင်းကောင်းလေးတွေကို ရှာတတ်ရုံမက အရေးအသားကလည်း ပြန်ပြင်ရေးစရာမလိုအောင် သပ်ရပ်ကောင်းမွန်လှတဲ့အတွက် သတင်းထောက်တွေ ရာနဲ့ချီပြီးရှိတဲ့အထဲက 'ချစ်သန်း၊ ရေး' လို့ လက်မှတ်ထိုးလေ့ရှိတဲ့ သူ့ကို ခေါင်းထဲမှာ မှတ်မိနေပါတယ်။

အဲဒါကြောင့် ထမင်းဆိုင်မှာ သတင်းထောက် ကိုချစ်သန်းဆိုတာ
mgyoe.com

mgyoe.com


သိသလားလို့ စုံစမ်းကြည့်လိုက်ပါတယ်။ တိုက်ဆိုင်လိုက်ပုံက အဲဒီဆိုင်ဟာ ကိုချစ်သန်းရဲ့ ဆိုင်ပါတဲ့။ ဆိုင်မှာ ကိုချစ်သန်းရဲ့ ဇနီး၊ သမီးများကို တွေ့ရပါတယ်။ ကိုချစ်သန်းကိုတော့ မတွေ့ရတော့ပါဘူး။ မနေ့ကပဲ ကိုချစ်သန်းရဲ့ ရက်လည်ဆွမ်းကျွေးပြီးပါတယ်လို့ သူ့ဇနီးက ဖြေပါတယ်၊ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီး ဝမ်းနည်းစကားပြော၊ ကိုချစ်သန်းအတွက် ကုသိုလ်လုပ်ပေးပါ ဆိုပြီး ကူငွေလေးသာ ထည့်ခဲ့ရပါတော့တယ်။

ကိုချစ်သန်းဆိုတာ ဖြူသလား၊ မည်းသလားဆိုတာတောင် မမြင်ခဲ့ဖူးပါဘူး။ ကိုချစ်သန်းကဆို ကိုယ့်နာမည်ကိုတောင် ကြားဖူးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီခေတ် အချိန်အခါက သတင်းရေးသားမှု အတတ်ပညာပိုင်းမှာ အင်မတန်အားနည်းကြတဲ့ နယ်သတင်းထောက်တွေထဲမှာ ပြန်ပြင်ရေးစရာ မလိုဘဲ တစ်ခါတည်း ခေါင်းတပ်ပေးလိုက်ရုံသာရှိအောင် အရေးအသား သပ်ရပ်တဲ့ သူ့နာမည်ကိုတော့ မှတ်မိနေပါတယ်။ အဲဒီလို မှတ်မိနေတာက သူ့ရဲ့ထူးခြားချက်ကြောင့်ပဲ ဖြစ်ပါတယ်။

အဲဒီလို ပြန်ပြင်ရေးစရာမလိုအောင် ရေးတတ်တာကိုက အဲဒီအချိန်က ထူးခြားချက်တစ်ခု ဖြစ်နေပါတယ်။ အဲဒီလို ထူးခြားတဲ့ သတင်းထောက်တွေဆို တော်တော်များများ မှတ်မိနေပါတယ်။ ချောက်ရေနံမြေသတင်းထောက် ကိုညွန့်မောင်ချွန်၊ မုဒုံက သတင်းထောက် နိုင်ပန်းအောင်၊ ကျောက်မဲသတင်းထောက် ကိုထွန်းအောင်၊ မိတ္ထီလာက ကိုဗိုလ်နီ၊ မော်လမြိုင်က ကိုခင်မောင်လွင်၊ တာချီလိတ်က ကိုခင်မောင်လတ်၊ မြင်းမူက ကိုခင်မောင်ထွေး၊ မုံရွာက သတင်းထောက်ကြီး ဦးအုန်းရွှေ၊ ရွှေဘိုက သခင်ဇကြည် စတဲ့သူတွေဟာ ထူးခြားတဲ့ အရည်အချင်းရှိတဲ့သူတွေ ဖြစ်ကြပါတယ်။ ဒါကြောင့် အဲဒီနာမည်တွေကို စွဲစွဲထင်ထင်ရှိနေတာ ဖြစ်ပါတယ်။

ထူးခြားတယ်ဆိုရာမှာ ကောင်းတဲ့ဘက်က ထူးခြားတာရှိသလို မကောင်းတဲ့ဘက်က ထူးခြားလို့ စွဲစွဲထင်ထင်ရှိနေတာမျိုးလည်း ရှိပါတယ်။ မြစ်ဝကျွန်းပေါ်က သတင်းထောက်ကို ..... ဆိုတာရှိပါတယ်။ စာကို ဖောက်လိုက်ပြီး လက်ရေးကိုမြင်တာနဲ့ သူမှန်းသိပြီး အယ်ဒီတာ စိတ်ညစ်သွားစေတဲ့ သူပါ။ လက်ရေးကလည်း နှစ်တန်းကျောင်းသားလေး လက်ရေးလောက်မှ မကောင်းတဲ့ လက်ရေး၊ အရေးအသားကိုကြည့်တော့လည်း မြန်မာစာ

mgyoe.com

mgyoe.com


ကောင်းကောင်း တတ်ပုံမရဘူးဆိုတာ သိသာစေတဲ့ အရေးအသား။ သူက တရုတ်ကပြောပါ။ မြန်မာစာ ကောင်းကောင်းမတတ်ပါဘူး။ ဒါပေမဲ့ သတင်း ကောင်းကို သိတတ်ရှာတတ်တဲ့ အရှာအထောက်ကောင်း တစ်ယောက်ပါ။ တော်ရုံတန်ရုံဆိုရင် သူ့သတင်းကို ဘယ်အယ်ဒီတာကမှ ကောက်မကိုင်ချင် ပါဘူး။ ဒါပေမဲ့ သူက ခွဲနပဲ အင်မတန်ကြီးသူတစ်ဦး ဖြစ်ပါတယ်။ တစ်လ လုံးနေလို့မှ သူ့သတင်းတစ်ပုဒ် မပါချင်နေပစေ၊ သူကတော့ စိတ်ရှည်ရှည်နဲ့ သတင်းတွေကို အဆက်မပြတ် ပို့နေတာပါပဲ။ သူရေးပို့တာတွေ ဖတ်ရင် စိတ်လည်းရှုပ်ရ၊ ရယ်လည်း ရယ်ရပါတယ်။ အလုပ်နည်းနည်းပါးသွားပြီ လားဆိုတာနဲ့ အယ်ဒီတာတွေက သူ့သတင်းကို ကောက်ကိုင်လေ့ရှိကြပါ တယ်။ အပန်းဖြေရင်း ခေါင်းရှင်းရင်းဆိုတဲ့ သဘောနဲ့ပေါ့။ အယ်ဒီတာ နတ်မောက်ကိုထွန်းရှိန်က သူ့သတင်းတွေကို စိတ်ရှည်လက်ရှည်နဲ့ နားလည် အောင် ကြိုးစားဖတ်ရင်း ပြန်ရေးလေ့ရှိပါတယ်။ သူဟာ ထူးချွန်သူတစ်ဦး မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ကိုယ်ပိုင် ထူးခြားချက်တွေကြောင့် သူ့ကို အယ်ဒီတာတိုင်းက သိနေကြပါတယ်။ သူ့သတင်းတွေ မကြာခဏဆိုသလို လူထုသတင်းစာမှာ ပါလေ့ရှိပါတယ်။

လူထုသတင်းစာ ရပ်စဲခဲ့ရတာ လူ့မျိုးဆက်တစ်ဆက် ရှိခဲ့ပြီဖြစ်ပေမဲ့ ထူးခြားလွန်းလို့ ဒီနေ့အထိ မျက်စိထဲမှာ စွဲထင်နေတဲ့ သတင်းဓာတ်ပုံလေး နှစ်ပုံ ရှိပါသေးတယ်။ တစ်ပုံက ကျောက်မဲသတင်းထောက် ကိုထွန်းအောင်ရဲ့ ပုံပါ။ သူ ကျောက်မဲက မန္တလေးကို ဆင်းအလာမှာ သူစီးလာတဲ့ကားလမ်းမှာ ဓားပြတိုက်ခံရပါတယ်။ ဓားပြတွေက ကားလမ်းကိုပိတ်ဆို့ပြီး တားပါတယ်။ ကားပေါ်မှာ တာဝန်နဲ့ခရီးထွက်လာတဲ့ ရဲနှစ်ဦး သုံးဦး ပါလာခဲ့ပါတယ်။ ရဲတွေနဲ့ ဓားပြတွေ အပြန်အလှန် ပစ်ခတ်ကြပါတော့တယ်။ ကိုထွန်းအောင် က ပါလာတဲ့ကင်မရာနဲ့ အဲဒါကို အမိအရ ရိုက်ယူခဲ့ပါတယ်။ ကားကိုကွယ် ပြီး ပစ်ခတ်နေတဲ့ ရဲရော၊ တစ်ဖက်က လမ်းပေါ်မှာ ပိတ်ဆို့ထားတဲ့ အတား

> ထူးချွန်အောင်မြင်မလာတာနဲ့ စိတ်ဓာတ်ကျပြီး ဘဝကို ရေစုန်မျှော လိုက်နေကြတဲ့ လူတွေအဖို့ မထူးချွန်ပေမဲ့ ထူးခြားအောင် လုပ်နိုင်ရင် လည်း အောင်မြင်ထင်ရှားနိုင်ပါတယ်။

mgyoe.com

mgyoe.com


အဆီးကို အကာအကွယ်ယူပြီး ပစ်ခတ်နေတဲ့ ဓားပြကိုရော ပါအောင်ရိုက်ယူနိုင်ခဲ့ပါတယ်။ ထူးခြားလွန်းတဲ့ အဲဒီပုံလေးကို ခုထိတိုင်အောင် မျက်စိထဲမှာ မြင်နေမိပါသေးတယ်။

နောက်တစ်ပုံက မုံရွာသတင်းထောက်ကြီး ဦးအုန်းရွှေရဲ့ပုံပါ။ မုံရွာ မန္တလေး ရေတွေကျော်နေတဲ့အချိန်မှာ ကုန်တင်ကားကြီးတစ်စီး တိမ်းမှောက်ပုံကို ရိုက်ထားတာပါ။ ရိုက်ထားပုံ ထူးခြားလိုက်ပုံများ ဒီနေ့အထိ အဲဒီပုံမျိုး ဘယ်မှာမှ မတွေ့ရသေးပါဘူး။ သာမန် သတင်းဓာတ်ပုံတွေ ရိုက်ရိုးရိုက်စဉ် တိမ်းမှောက်နေတဲ့ ကားကြီးပုံကို ရိုက်ပြထားတာမျိုး မဟုတ်ပါဘူး။ ခုခေတ် ဗီဒီယိုကင်မရာနဲ့ အနေးရိုက်ပြသလို ကားမှောက်သွားတာကို အဆင့်ဆင့် ရိုက်ပြထားတာပါ။ ပထမပုံက ကုန်တင်ကားကြီး ဘီးမြုပ်လုနီးပါး ရေတွေထဲမှာ တအိအိမောင်းသွားနေပုံပါ။ ဒုတိယပုံက ကားကြီး ရေအားကြောင့် နည်းနည်းစောင်းသွားတဲ့ပုံ၊ နောက်တစ်ပုံကျ ဘေးစောင်းကြီး တုံးလုံးလဲတော့မယ်ပုံ၊ နောက်ဆုံးပုံကျတော့ ရေတွေထဲမှာ ကားကြီး ဘေးစောင်းတိမ်းမှောက်နေတဲ့ပုံပါ။ သတင်းထောက်ကြီး ဦးအုန်းရွှေဟာ အဲဒီပုံကိုလည်းရရော ရေကြီးလို့ ကားလမ်းတွေ ပိတ်နေတဲ့ကြားက မန္တလေးကို မရောက်ရောက်အောင် လိုက်လာခဲ့ပါတယ်။ အဲဒီပုံတွေကို နောက်နေ့ထုတ် လူထုသတင်းစာမျက်နှာဖုံးမှာ ကန့်လန့်ဖြတ်ကော်လံပြည့် လေးပုံဆက်ဖော်ပြနိုင်ခဲ့ပါတယ်။

အဲဒါတွေဟာ ထူးခြားမှုကြောင့် အောင်မြင်ထင်ရှားခဲ့ရတဲ့ သာဓကလေးတွေပါ။ ထူးချွန်အောင်မြင်မလာတာနဲ့ စိတ်ဓာတ်ကျပြီး ဘဝကို ရေစုန်မျှောလိုက်နေကြတဲ့ လူတွေအဖို့ မထူးချွန်ပေမဲ့ ထူးခြားအောင် လုပ်နိုင်ရင်လည်း အောင်မြင်ထင်ရှားနိုင်ပါတယ်။ လူတစ်ယောက်စီ တစ်ယောက်စီမှာ အများနဲ့မတူတဲ့ ကိုယ်ပိုင်စရိုက်ကလေးတွေ၊ လက္ခဏာလေးတွေ ရှိစမြဲမို့ လူတိုင်းလူတိုင်းမှာ အောင်မြင်တဲ့သူတစ်ဦး ဖြစ်လာဖို့ အခွင့်အရေးတွေရှိနေပါတယ်လို့ ပြောလိုက်ချင်ပါတယ်။

အတွေးအမြင်စာစဉ် (၁၃၁)

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဘာအမွေပေးခဲ့ကြမှာလဲ

"ပညာတတ်အောင် သင်ကြ၊ ပညာတတ်မှ လူရာဝင်တယ်"

အဲဒီစကား လူတိုင်း အပြောခံရဖူးပါတယ်။ လူကြီးသူမတွေ၊ ဆရာသမားတွေက လူငယ်တွေကို ဆိုဆုံးမလေ့ရှိတဲ့စကားဖြစ်ပါတယ်။ ကျွန်တော်တို့ ဘိုးဘွားတွေက ကျွန်တော်တို့ မိဘတွေကို ဒီစကားနဲ့ ဆုံးမခဲ့ကြတယ်။ ကျွန်တော်တို့မိဘတွေက ကျွန်တော်တို့ကို ဆုံးမခဲ့ကြတယ်။ အခု ကျွန်တော်တို့က ကျွန်တော်တို့ သားသမီးတွေကို ဆုံးမနေကြပြန်တယ်။

ဒါကိုကြည့်ရုံနဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ပညာကို အလွန်တန်ဖိုးထားတယ်ဆိုတာ သိနိုင်ပါတယ်။ ပစ္စည်းဥစ္စာတွေ၊ အိမ်မြေတိုက်တာတွေကို သေတမ်းစာရေးပြီး လွှဲပေးနိုင်ဖို့ထက် သားသမီးတွေကို ပညာအမွေပေးနိုင်ဖို့ကိုသာ ကျွန်တော်တို့ မြန်မာလူမျိုးက အလေးထားခဲ့တာပါ။ ဒါကြောင့်လည်း သူ့ကျွန်ဘဝမရောက်မီအချိန်က မြန်မာနိုင်ငံဟာ အာရှတိုက်တစ်ခုလုံးမှာ စာမတတ်သူရာနှုန်း အနည်းဆုံး နိုင်ငံတစ်ခုဖြစ်တယ်ဆိုတဲ့အကြောင်းကို နယ်ချဲ့သမိုင်းဆရာတွေဖြစ်တဲ့ ဟာဗေးတို့၊ ဒီဂျီအီးဟောလ်တို့ကိုယ်တိုင် အသိအမှတ်ပြု မှတ်တမ်းတင်ခဲ့ကြရပါတယ်။

ဒီနေ့ ကျွန်တော်တို့တစ်တွေက တူသားနောင်မယ်တွေကို ပညာရဲ့တန်ဖိုးအကြောင်း ပြောဆိုဆုံးမတဲ့အခါမှာ သူတို့လေးတွေက ဈေးထဲမှာ ဂါဝန်စကတ်၊ ဘောင်းဘီစတဲ့ ဖက်ရှင်အဝတ်အထည်တွေ ရောင်းနေတဲ့

mgyoe.com

mgyoe.com


ဆရာဝန်၊ တက္ကစီကားမောင်းနေတဲ့ အင်ဂျင်နီယာ၊ ဧည့်လမ်းညွှန်လုပ်နေတဲ့ ရှေ့နေ စတာတွေကို လက်ညှိုးထိုးပြပြီး ခနဲ့ပြုံး ပြုံးပြတာကို ကြုံရဖူးပါတယ်။

ဆယ့်လေးငါးနှစ်၊ အနှစ်နှစ်ဆယ်လောက်အချိန်ကုန်ခံ၊ ငွေကုန်လူပန်းခံပြီး ပညာတွေသင်နေလို့ အကျိုးမထူးပါဘူး။ ခေတ်အခြေကြည့်ပြီး ရေစီးအတိုင်း စုန်လိုက်တတ်ဖို့သာ အရေးအကြီးဆုံးဖြစ်တယ်။ အနှစ်နှစ်ဆယ် ပညာသင်စရိတ်ကို အရင်းအနှီးလုပ်ပြီး စောစောစီးစီး စီးပွားရေးလုပ်ရင်လုပ်၊ ဒါမှမဟုတ် နိုင်ငံခြားထွက် ငွေရှာတာက ပိုတွက်သား မကိုက်ဘူးလားလို့လည်း ပြန်လှန်မေးခွန်းထုတ်တတ်ကြ ထွက်သွားတဲ့အခါမှာ သူ့အရင် ဆယ်နှစ်လောက် စောထွက်သွားတဲ့ ဆယ်တန်းမှမအောင်တဲ့သူနဲ့အတူ အိုးတိုက်ပန်းကန်ဆေးလုပ်နေရတာပဲ။ ဘာများထူးသေးလို့လည်း စောဒကတက်တတ်ကြပါတယ်။

ခေတ်ရေစီးကြောင်းကို အလိုက်သင့်ကလေး မျှောလိုက်ချင်တဲ့ ရေသာခိုစိတ်ဓာတ်၊ လွယ်လွယ်နဲ့ အချောင်ရမယ်ဆိုရင် ဘာမဆို လိုချင်တတ်တဲ့ အချောင်သမားစိတ်ဓာတ် စတဲ့ စိတ်ဓာတ်ဆိုးတွေ မြင်တွေ့ကြားသိနေရပါတယ်။ ရုံးတွေ အလုပ်ခွင်တွေမှာ "အများမိုးခါးရေသောက်နေကြတာ၊ ကိုယ်တစ်ယောက်တည်း မသောက်ရင် မိုက်ရာကျမှာပေါ့" ဆိုတဲ့စကားကို ပြောဆိုနေကြတာတွေလည်း ကြားနေရပါတယ်။

ဒါ့အပြင် "မလောက်မငတော့လည်း အကျင့်ပျက်ကြတာပေါ့။ ဘယ်အပြစ်တင်လို့ဖြစ်တော့မလဲ" ဆိုတဲ့ ကာကွယ်စကား ပြောကြတာတွေလည်း ကြားနေရပါတယ်။ အဲဒါကြောင့် ရေစုန်မျှော အမှန်တရားအတွက် အများ

> လူ့သိက္ခာအတွက်၊ လူ့တန်ဖိုးအတွက်၊ အမှန်တရားအတွက် အများမိုးခါးရေသောက်တိုင်း ကိုယ်မသောက်ဘူး၊ အများအကျင့်ပျက်တိုင်း ကိုယ်မပျက်ဘူး၊ အများရေစုန်မျှောတိုင်း လိုက်မမျှောဘူးဆိုတဲ့ စိတ်ဓာတ်ရှိသူတွေကို အများက 'လူမိုက်' လို့ခေါ်ကြပြီး အရှာအဖွေကောင်းသူ၊ ကြီးပွားအောင်လုပ်တတ်သူကို 'လူတော်' လို့ သတ်မှတ်ပေးတတ်ကြပါတယ်။

mgyoe.com

mgyoe.com


မိုးခါးရေသောက်တိုင်း ကိုယ်မသောက်ဘူး၊ အများအကျင့်ပျက်တိုင်း ကိုယ်မပျက်ဘူး၊ အများရေစုန်မျှောတိုင်း လိုက်မမျှောဘူးဆိုတဲ့စိတ်ဓာတ် ရှိတဲ့သူတွေကို အများက 'လူမိုက်' လို့ ခေါ်ကြပြီး အရှာအဖွေကောင်းသူ၊ ကြီးပွားအောင်လုပ်တတ်သူကို 'လူတော်' လို့ သတ်မှတ်ပေးတတ်ကြပါတယ်။ ဘယ်လို အရှာအဖွေကောင်းတာလဲ၊ ဘယ်နည်းနဲ့ ကြီးပွားအောင်လုပ်တာလဲ ဆိုတာကို အလေးထားပြီး မေးမြန်းပြောဆိုရကောင်းမှန်းတောင် မသိကြတော့ပါဘူး။ "ကြောင်ဟာ အဖြူဖြစ်ဖြစ်၊ အမည်းဖြစ်ဖြစ် ကြွက်မိဖို့သာ အဓိကပဲ" ဆိုတဲ့ ဘယ်နည်းနဲ့ ကြီးပွားကြီးပွား၊ ကြီးပွားဖို့သာ အဓိကဖြစ်တယ်ဆိုတဲ့ စကားက တွင်ကျယ်လို့နေပါတော့တယ်။

လစာငွေ အသင့်အတင့်ရတဲ့ ဝန်ထမ်းတစ်ဦးက ခြံကြီး၊ တိုက်ကြီးနဲ့ ဆလွန်းကား တဝီဝီစီးနေတဲ့ အခြေအနေရောက်အောင် ဘယ်လိုရှာဖွေခဲ့တာလဲဆိုတဲ့အချက်ကို စူးစမ်းကြည့်ရကောင်းမှန်း မသိကြတော့ပါဘူး။ ပိုပြီးဆိုးတာက အဲဒီဝန်ထမ်းကိုယ်တိုင်က ဒီလို ခြံကြီးတိုက်ကြီးနဲ့ ကားကြီးနဲ့နေရတာကို အများသူတကာမြင်လျှင် မတင့်တယ်ပါလားဆိုတဲ့ စိတ်ဓာတ်မျိုး ကလေးတောင် ရှိမနေတော့တာ ဖြစ်ပါတယ်။

"ကလေးတစ်ယောက်ကိုပြုပြင်ရန်အတွက် သူ့အဘွားကို အရင် စပြီးပြုပြင်ပါ" ဆိုတဲ့ သိုးဆောင်းစကားတစ်ခွန်း ရှိပါတယ်။ ကလေးဆိုတာ လူကြီးတွေက ပုံသွင်းပေးလိုက်တဲ့အတိုင်း ဖြစ်လာရတာဆိုတဲ့ သဘောကို ပြောထားတာပါ။ လူငယ်တွေကို လူကြီးတိုင်းက တော်စေကောင်းစေချင်ကြပါတယ်။ လူငယ်တွေ တော်စေကောင်းစေဖို့၊ လူကြီးတွေက အရင်တော်ရကောင်းရပါလိမ့်မယ်။

ဒီနေ့ ကျွန်တော်တို့ လူကြီးတွေမှာ ရေစုန်မျှောစိတ်ဓာတ်၊ မိုးခါးရေသောက်စိတ်ဓာတ်တွေ လွှမ်းမိုးအားကြီးနေခဲ့ရင် လူငယ်တွေကို ဒီစိတ်ဓာတ်တွေ ကူးစက်သွားမှာပါပဲ။ ကျွန်တော်တို့ပေးတဲ့ အမွေကိုသာ ကျွန်တော်တို့သားသမီးတွေရကြမှာ ဖြစ်ပါတယ်။

> **ကလေးတစ်ယောက်ကို ပြုပြင်ရန်အတွက်**
> **သူ့အဘွားကို အရင်စပြီးပြုပြင်ပါ။**

mgyoe.com

mgyoe.com


ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ ပြီးခဲ့တဲ့ မေလထုတ် မဟေသီ မဂ္ဂဇင်းမှာ လူငယ်စာရေးဆရာလေး မင်းခိုက်စိုးစန် ပြောခဲ့တဲ့ စကားတစ်ခွန်းကို ရည်ညွှန်းပြချင်ပါတယ်။ လူငယ်စာရေးဆရာကလေးက "ဒီနေရာမှာ လူငယ်တွေက လူကြီးတွေကို ပြန်မေးရမယ့်စကားက ကျွန်တော်တို့ကို ဘာတွေ အမွေပေးခဲ့မှာလဲ ဆိုတာပဲ" လို့ အင်တာဗျူးခန်းမှာ ပြောခဲ့ပါတယ်။

ဒီမေးခွန်းဟာ ကျွန်တော်တို့အားလုံး လေးလေးနက်နက် စဉ်းစားသင့်တဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လူငယ်တွေကို လူ့သိက္ခာအတွက်၊ လူ့တန်ဖိုးအတွက်၊ အမှန်တရားအတွက် 'လူမိုက်' အခေါ်ခံပြီး ရေဆန်ကို ကူးခပ်ချင်တဲ့စိတ်ဓာတ်တွေ အမွေပေးခဲ့မှာလား။

ဒါမှမဟုတ် 'ရေသာခိုစိတ်ဓာတ်'၊ 'အချောင်လိုက်စိတ်ဓာတ်'၊ 'မိုးခါးရေသောက်စိတ်ဓာတ်' တွေကိုပဲ လက်ဆင့်ကမ်းမှာ အမွေအဖြစ်ပေးထားရစ်ခဲ့ကြမှာလား။

အတွေးအမြင်စာစဉ် (၁၃၂)

❒

mgyoe.com

mgyoe.com

# လူငယ်တွေအတွက် လူကြီးများရဲ့တာဝန်

သားလိုဖြစ်နေတဲ့ တပည့်ရင်းချာ 'လူကြီးကလေး' တစ်ယောက်က သူ့ဘဝအတွက် အရေးကြီးဆုံး ဆုံးဖြတ်ချက်တစ်ခုချဖို့ ဝေခွဲမရအောင် ဖြစ်နေတာကြောင့် လာပြီး 'အဆုံးအဖြတ်' ပြုခိုင်းပါတယ်။ သူ့ကိစ္စက ဂျပန်ကို အလုပ်သွားလုပ်ဖို့ သင့်မသင့်ဆိုတာ ဖြစ်ပါတယ်။

သူ့အသက်က ၂၇ နှစ်ရှိပါပြီ။ ဆေးကျောင်း နောက်ဆုံးနှစ် အပိုင်း (က) တက်နေဆဲတန်းလန်းပါ။ ဆယ်တန်းဖြေပြီးစ အရွယ်ကတည်းက တပည့်ဖြစ်ခဲ့တာဆိုတော့ ၁၀ နှစ်တိတိ လက်ပွန်းတတီး နေလာခဲ့တာကြောင့် သားတစ်ယောက်လို အမြဲတမ်း ဆုံးမသွန်သင်ခဲ့၊ လမ်းညွှန်အကြံပေးခဲ့ရတာ ဖြစ်ပါတယ်။ အဲဒါကြောင့် လူငယ်ဘဝကို ကျော်လွန်ပြီး 'လူကြီးကလေး' ဘဝကို ရောက်နေတဲ့အထိ တစ်ခုခု အခက်အခဲရင်ဆိုင်ရတိုင်း လာပြီးတိုင်ပင် လေ့ရှိပါတယ်။

မိဘတွေက ဘာပြောသလဲဆိုတော့ ကိုယ့်ဟာကိုယ် စဉ်းစားပြီး ဆုံးဖြတ်ပါလို့သာ ပြောတဲ့အတွက် သူ့မှာ အစဉ်းစားရ ကျပ်နေတဲ့အကြောင်း ပြောပြပါတယ်။ သူ ဂျပန်ကို ဘာကြောင့် သွားချင်တာလဲလို့ မေးကြည့်လိုက်တော့ ဂျပန်မှာ သွားအလုပ်လုပ်နေတဲ့ သူ့သူငယ်ချင်းတွေက မိဘကို တစ်လ ဒေါ်လာ ၁၀၀၀ လောက် ပြန်ပို့ပေးနိုင်တဲ့အကြောင်း ပြောပြပါတယ်။ သူ ဆရာဝန်ဖြစ်အောင် ဆက်ပြီး သင်နေလို့လည်း မိဘကို တစ်လ သုံးသိန်း

mgyoe.com

ကျော် ဘယ်နည်းနဲ့မှ အပ်နိုင်မှာ မဟုတ်ပါဘူးလို့လည်း ပြောပြပါတယ်။

သူ ဂျပန်ကို သွားဖို့အတွက် ၃၅ သိန်းလောက် ကုန်ကျမယ့်ငွေကို လည်း မိဘတွေဆီက မတောင်းပါဘူး။ သူ့ဟာသူရှာထားတာ ရှိပါတယ်လို့ လည်း ပြောပြပါသေးတယ်။ ကျောင်းတောင် မပြီးသေးတဲ့သူက ၃၅ သိန်း လောက် ရှာထားတယ်ဆိုတော့ အံ့သြလွန်းလို့ ဘယ်လိုရှာသလဲလို့ မေးကြည့် ရပါတယ်။ ပြီးခဲ့တဲ့ သုံးလေးလက သန်လျင်တို့၊ မြောက်ဒဂုံတို့မှာ မြေကွက် ဈေးတွေ ကိုးဆယ်ဆတက်သွားတုန်းက သူတို့ ဆေးကျောင်းသားသူငယ်ချင်း ငါးယောက်စုပြီး မြေကွက်တွေ ဝယ်ရောင်းလုပ်ကြတာ၊ အရောင်းအဝယ် ရပ်ဆိုင်းသွားတဲ့အထိ သုံးလလောက်အတွင်းမှာ တစ်ယောက်ကို သိန်း ၄၀ လောက်မြတ်လိုက်ကြတယ်လို့ ရှင်းပြပါတယ်။

သုံးလအတွင်းမှာ သိန်း ၂၀၀ လောက်မြတ်အောင် အရင်းအနှီးတွေ ဘယ်လောက်များ ထည့်ဝင်ပြီး လုပ်ကြသလဲလို့ မေးကြည့်လိုက်တော့ ပါးစပ် ဟောင်းလောင်း ဖြစ်သွားအောင်ကို အံ့အားသင့်သွားရပါတော့တယ်။ သူတို့ သူငယ်ချင်းငါးယောက် တစ်ယောက်ကို တစ်သိန်းစီစုပြီး မြေကွက်တွေ လျှောက်ကြည့်ကြ၊ ရှာကြတယ်။ တစ်နေရာမှာ ၁၀ သိန်းတန် မြေကွက် တစ်ကွက်တွေ့ပြီဆိုရင် ဈေးစကားပြောနေတုန်း တစ်ဖက်မှာ ဝယ်မယ့် 'ဝယ် လက်' ကိုရှာတယ်။ ဝယ်လက်ရှိနေပြီဆိုတာနဲ့ ၁၀ သိန်းတန်မြေကွက်ကို သုံးသိန်းလောက် စရန်ပေးထားလိုက်ပြီး နှစ်ပတ်အတွင်း ငွေအပြီးချေမယ်လို့ စာချုပ်ထားလိုက်တယ်။ ဒီကြားမှာ မြေကွက်ဈေးတွေက ဒီနေ့ဒေါ်လာဈေး ဖြစ်သလိုမျိုး တစ်ရက်ကို ၁၆ သိန်း၊ ၁၅ သိန်း ခုန်တက်နေတာဆိုတော့ သူတို့ ၁၀ သိန်းနဲ့စရန်သပ်ထားတဲ့ မြေကွက်ကို တစ်ဖက် မှာ ၂၅ သိန်းနဲ့ လှည့်ရောင်းလိုက်တယ်။ ဒီနည်းနဲ့ တစ်ခါတလေမှာ သိန်းသုံးလေးဆယ် မြတ်တာတောင်ရှိတယ်လို့ သူက 'သွားရည်ယို' လောက်အောင် ပြောပြ ပါတယ်။

တကယ်လို့ မြေအရောင်းအဝယ်တွေ ခုချိန်ထိသာ ကောင်းနေဦးမယ် ဆိုရင် တစ်လ ဒေါ်လာ ၅၀၀၀ လောက်ရမယ်ဆိုရင်တောင် သူ ဂျပန်သွားဖို့ စိတ်ကူးထဲထည့်မှာ မဟုတ်ပါဘူးလို့ ပြောပါတယ်။

မင်း ဆရာဝန် မလုပ်တော့ဘူးလားလို့ သူ့ကိုမေးကြည့်လိုက်တော့

mgyoe.com

mgyoe.com


ဆရာဝန် ဖြစ်လာပြီးရင်တောင်မှ သိန်းလေးဆယ်လောက် စုမိဆောင်းမိအောင် ၁၀ နှစ်လုပ်လို့ ရနိုင်ပါ့မလားလို့ သူက ပြန်မေးခွန်းထုတ်ပါတယ်။ သူ့မေးခွန်းကို မဖြေနိုင်တော့ပါဘူး။ ဒီကိစ္စဟာ လူတစ်ယောက်ရဲ့ဘဝမှာ အရေးကြီးဆုံး ကိစ္စကြီးတစ်ခု၊ ဘဝလမ်းကြောင်း တစ်ဆစ်ချိုး ပြောင်းလဲသွားမယ့် အရေးကြီးဖြစ်တာကြောင့် ချက်ချင်းအဖြေမပေးဘဲ တစ်ညလောက် စဉ်းစားကြည့်ဦးမယ်ကွာလို့ သူ့ကို ပြောလိုက်ရပါတယ်။

နောက်တစ်နေ့ကျတော့ တိုင်ပင်ရုံသက်သက် တိုင်ပင်တာလား၊ အမှန်တကယ် အဆုံးအဖြတ် ပြုခိုင်းတာလားလို့ အရင်ဆုံး မေးလိုက်ပါတယ်။ အဆုံးအဖြတ် ပြုခိုင်းတာပါလို့ ပြောတဲ့အတွက် ယတိပြတ် ဆုံးဖြတ်ချက် တစ်ခုကို ပြောလိုက်ပါတယ်။

"သူ ဂျပန်ကို မသွားသင့်ဘူး"

"ကျောင်းပြီးအောင် စောင့်ပြီး ဆရာဝန်ဖြစ်အောင် လုပ်သင့်တယ်"

"ဘာ့ကြောင့် ဒီဆုံးဖြတ်ချက်ကို ပြောလိုက်ရသလဲဆိုတာကိုလည်း ရှင်းပြလိုက်ရပါတယ်။ သူ ဂျပန်ကိုသွားပြီးအလုပ်လုပ်ရင် တစ်လကို ဒေါ်လာ ၁၀၀၀ လောက်ရမှာတော့ သေချာတယ်။ ခုခေတ်ဈေးနဲ့ဆိုတော့ သုံးသိန်းကျော်ပေါ့။ တစ်နှစ်ဆိုရင် သိန်းလေးဆယ်လောက် ရမှာပါ။ ငါးနှစ်လောက် စုလိုက်ရင် သိန်း ၂၀၀ ရနိုင်ပြီ။ အဲဒီ သိန်း ၂၀၀ ပိုက်ပြီး ပြန်လာတဲ့အခါ ရန်ကုန်မှာ မြို့တွင်းက သင့်တင့်တဲ့အခန်းတစ်ခန်းဝယ်လိုက်ရင် သိန်း ၁၅၀ လောက်တော့ ပေးရပါလိမ့်မယ်။ ကျန်တဲ့ သိန်းလေးငါးခြောက်ဆယ်နဲ့ ဘာအလုပ်လုပ်မလဲ။ သူက ဂျပန်မှာ နေလာတာဆိုတော့ တော်ရုံအလုပ်ကို မလုပ်ချင်တော့ဘူး။ အလုပ် 'စ်ရွေး' ရင်း တစ်နှစ်၊ နှစ်နှစ်ကြာတော့ ပါလာတဲ့ ပိုက်ဆံကလေး 'ပွန်း' နေပြီ။ ပညာနဲ့လုပ်စားရအောင်လည်း ဘာပညာမှ ဟုတ်တိပတ်တိ မတတ်ထားတော့ လုပ်စားလို့ မရတော့ဘူး။ ဒီလိုနဲ့ နောက်ဆုံးကျတော့ ကားပွဲစားလိုလို၊ ဆိုင်ကယ်ပွဲစားလိုလို၊ ပတ်စပို့ပွဲစားလိုလို၊ ရှိုးဂျော့ပွဲစားလိုလိုနဲ့ လမ်းဘေးလက်ဖက်ရည်ဆိုင်က 'ယောင်ခြောက်ဆယ်' အဖြစ်နဲ့ ဘဝဆုံးရော။

ဒီလို 'လက်ဖက်ရည်ဆိုင်ပွဲစား' အဖြစ်နဲ့ ဘဝဆုံးရတဲ့ လူငယ်ကလေးတွေ၊ လူကြီးကလေးတွေ အများကြီး တွေ့ခဲ့ရဖူးလို့ သူ့ကို ဒီလိုပြောလိုက်

mgyoe.com

mgyoe.com


ရတာ ဖြစ်ပါတယ်။

ဒီနေ့ခေတ် လူငယ်လေးတွေ တော်တော်များများဟာ ဖြတ်လမ်းကို သိပ်လိုက်ချင်တတ်ကြပါတယ်။ မြန်မြန်နဲ့ လွယ်လွယ်ချမ်းသာမယ်ဆိုရင် ဘာလုပ်ရလုပ်ရဆိုတဲ့ စိတ်ဓာတ်မျိုးတွေ ဝင်နေကြပါတယ်။ လတ်တလော အခြေအနေလေးကိုသာ ကြည့်လေ့ရှိပါတယ်။ ရှေ့အနှစ် နှစ်ဆယ်၊ အစိတ်ကို လှမ်းမျှော်မကြည့်တတ်ကြပါဘူး။ ရာစုကို သုံးသပ်ပြချက်တစ်ခုမှာ ခရစ်နှစ် ၂၀၀၀ မှာ ဘာတွေဖြစ်လာမယ်ဆိုတာကအစ ခရစ်နှစ် ၂၅၀၀ မှာ ကမ္ဘာကြီးရဲ့အခြေအနေ၊ လူသားတွေရဲ့အခြေအနေ ဘယ်လိုဖြစ်နေမယ်ဆိုတာတွေ အထိ တွက်ချက်ပြထားတာကို တွေ့ရပါတယ်။ စနစ်တကျ 'တွက်ချက်' ပြထားတာပါ။ စိတ်ကူးယဉ် ဟောကိန်းထုတ်တာ မဟုတ်ပါဘူး။ အကြား အမြင်နဲ့ ဟောတာမဟုတ်ပါဘူး။ သူများနိုင်ငံတွေမှာ ရှေ့လာမယ့် နှစ်ငါးရာ လောက်ကို လှမ်းမျှော်ကြည့်ပြီး အလုပ်လုပ်နေကြပါတယ်။ ကျွန်တော်တို့ဆီ မှာတော့ မျက်စိတစ်ဆုံးမကြည့်ဘဲ မျက်မွေးတစ်ထောက်လောက်သာကြည့် ပြီး အလုပ်လုပ်ကြပါတယ်။ ဒီလို ကျဉ်းမြောင်းတဲ့အမြင်တွေ၊ အတွေးအခေါ် တွေနဲ့ နှစ်ဆယ့်တစ်ရာစုထဲကို တိုးဝင်လို့ မရနိုင်ပါဘူး။

ရှေ့လာမယ့် ဆယ်စုနှစ်ဟာ 'ပညာလူ့အဖွဲ့အစည်း' ကို အခိုင်အမာ တည်ဆောက်မယ့်ကာလဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေနဲ့ စီးပွားရေးပညာရှင် တွေက တွက်ချက်ထားပါတယ်။ ပညာလူ့အဖွဲ့အစည်းမှာ လူတွေရဲ့ ကာယ လုပ်အား မှေးမှိန်သွားပြီး ဉာဏလုပ်အားကသာ ထွန်းကားလာမှာဖြစ်လို့ 'ပညာ' ဟာ အရေးကြီးဆုံးနေရာကို ရောက်ရှိလာမှာ သေချာပါတယ်။

အတွေးအမြင်စာစဉ် (၁၃၄)

❐

mgyoe.com

mgyoe.com

# စိတ်ဓာတ်ကျတတ်တာ ဘာကြောင့်လဲ

ခုတစ်လောမှာ နေ့စဉ်နဲ့အမျှ လူငယ်လေးတွေရဲ့ 'ရင်ဖွင့်' ညည်းညူသံတွေကို စိတ်ရှည်လက်ရှည် နားထောင်ပြီး နှစ်သိမ့်အားပေးစကားတွေ ပြောနေရပါတယ်။ လူငယ်တွေအားလုံးဟာ ဘာသာစကား သင်တန်းတွေ တက်နေသူ၊ ကွန်ပျူတာသင်တန်းတက်နေသူ၊ စာရင်းကိုင်သင်တန်းတက်နေသူ စတဲ့အချိန်ကို အလဟဿအဖြစ်မခံကြတဲ့ လူငယ်လေးတွေပါ။

သူတို့တစ်တွေရဲ့ အသက်အရွယ်နဲ့ ပညာအခြေခံ မတူကြပေမဲ့ သူတို့ရဲ့ ညည်းညူသံကတော့ တစ်သံတည်း ထွက်နေကြပါတယ်။ အဲဒီအသံကတော့ ...

"ကျွန်တော်တို့ အသက်နှစ်ဆယ် အစိတ်ရောက်နေတဲ့အထိ ပညာသင်ဖို့ မိဘတွေဆီက လက်ဖြန့်တောင်းနေရတဲ့အဖြစ်ဟာ ကောင်းရဲ့လား၊ တရားရဲ့လား၊ အမိပ္ပာယ်ကော ရှိရဲ့လား"

ဆိုတဲ့ စကားပါ။

သူတို့ရဲ့သူငယ်ချင်းတချို့ဟာ ဘာပညာမှ ဆက်သင်မနေကြတော့ဘဲ သင်္ဘောတက်သွားတဲ့သူ၊ နိုင်ငံခြား ထွက်သွားတဲ့သူ၊ အိမ်မြေပွဲစားလုပ်တဲ့သူ၊ ကားပွဲစားလုပ်တဲ့သူ စသဖြင့် ရှိနေကြပြီး ကိုယ်စီကိုယ်စီ လူတစ်ယောက် ကားတစ်စီးနဲ့ ဆယ်လူလာဖုန်း တစ်လုံးစီတော့ ရှိနေကြပြီလို့ နောင်တရသံနဲ့ ပြောပြကြပါတယ်။ စိတ်ဓာတ်လည်း တော်တော်ကျနေကြပါတယ်။

mgyoe.com